# ဘုရားသခင်၏ လက်နက်စုံ (ချပ်ဝတ်တန်ဆာ) တစ်ခုလုံးကို ဝတ်ဆင်ပါ။သို့မှသာ သင်သည် "မာန်နတ်မင်း၏ လှည့်ဖြားခြင်း"ကို ခံနိုင်ရည် ရှိမည်။

ချပ်ဝတ်တန်ဆာသည် သင့်အား

"ဆိုးယုတ်သောနေ့၌ ခံနိုင်ရည်ရှိစေမည်"

(ရန်သူအား ပြင်းပြင်းထန်ထန် ဆန့်ကျင်ရန်၊ ရဲရင့်စွာ ခုခံရန်၊ ရန်သူနှင့် မျက်နှာချင်းဆိုင်သောအခါတွင် သင်သည် မြေပြင်၌မားမားမတ်မတ်ရပ်နိုင်မည်)

**ထို့ကြောင့် ချပ်ဝတ်တန်ဆာကို ယူတင်ဝတ်ဆင်ပါ . . . ဧဖက် ၆း၁၄-၁၈**

### ၁။ သစ္စာတည်းဟူသော ခါးပန်း

*"သစ္စာတည်းဟူသော ခါးပန်းကိုစည်းလျက် "*
*ဧဖက် ၆း၁၄*

ပေတရုက ကျွန်တော်တို့ကို ညွှန်ကြားသည်မှာ *"သင်တို့စိတ်နှလုံးကို ခါးပန်းစည်း၍ သမ္မာသတိရှိကြလော့" ၁း၁၃*

"သစ္စာတရား၏ ခါးပတ်သည် ကျွန်ုပ်တို့၏ စိတ်ကို အမှန်တကယ် ကာကွယ်ပေးသည် (ရှေးခေတ်လူများက စိတ်၏ ပလ္လင်သည် အတွင်းဘက်နက်ရှိုင်းသော ကျောက်ကပ်ဖြစ်သည်။ ထို့ကြောင့် ပေါလုကသမ္မာတရားဖြင့် ကျွန်ုပ်၏ ခါးကိုစည်းရန် ပြောထားသည်။) ယေရှုက *"ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏။" ယော ၁၇း၁၇*

ကျွန်ုပ်တို့၏ စိတ်ထဲတွင် ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားကို လိုအပ်ပါသည်။

**နှုတ်ကပတ်တော်၏ သမ္မာတရားကိုစဉ်းစားဆင်ခြင်ပါ။**

### ၂။ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ရင်အုပ်တန်းသာ

*"ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ရင်အုပ်တန်ဆာကို ဝတ်ဆင်လျက်" ငယ် ၁၄*

ရင်အုပ်တန်ဆာသည် နှလုံးကိုဖုံးအုပ်ကာကွယ်ပေးသည်၊ ဖြောင့်မတ်ခြင်းရင်အုပ်ဖြစ်သည်။

*"ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှာ စိတ်နှလုံးနှင့် ယုံကြည်ရ၏" ရောမ ၁၀း၁၀*

ကျွန်ုပ်တို့၏ စိတ်ထဲတွင် လက်ခံရရှိထားသော နှုတ်ကပတ်တော်သည်ကျွန်ုပ်တို့၏ နှလုံးသားထဲတွင် တည်ကြည်ရန်လိုအပ်သည်။

နှုတ်ကပတ်တော်၏ သမ္မာတရားကို ဆင်ခြင်ပါ။

### ၃။ ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရား၏ ခြေစွပ်

*"ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟော ပြောအံ့သောငှာ ပြင်ဆင်သော အဖြစ်တည်းဟူသော ခြေစွပ်ကိုစွပ်လျက် ခံရကြလော" ငယ် ၁၅*

ဖိနပ်များသည် ကျွန်ုပ်တို့၏ လမ်းလျှောက်ခြင်းကို ရည်ညွှန်းပြီး၊ ကျွန်ုပ်တို့၏ လမ်းလျှောက်ခြင်းတွင် နှုတ်ကပတ်တော်ဟောပြောခြင်းပါဝင်ပါသည်။

*"ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာသိတင်းကို ကြားပြောသောသူ၏ခြေတို့သည်အလွန် တင့်တယ်စွတကား" ရောမ ၁၀း၁၅*

ကျွန်တော်တို့သည် ငြိမ်သက်စွာဖြင့် လျှောက်လှမ်းရမည်။

*"စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ ခိုလှုံသောကြောင့်၊ ငြိမ်သက်ခြင်း သက်သက်ရှိမည်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်" ဟေရှာယ ၂၆း၃*

ကျွန်ုပ်တို့၏ စိတ်တွင် နှုတ်ကပတ်တော်ကို လက်ခံရရှိပြီး၊ ကျွန်ုပ်တို့၏ စိတ်နှလုံးတွင် ယုံကြည်ပြီး၊ ယခုကျွန်တော်တို့သည် နှုတ်ကပတ်တော်၏ အသိပညာ၌ ကျင်လည်နိုင်ပြီး အခြားသူများအား ဝေမျှနိုင်မည်ဖြစ်သည်။

**နှုတ်ကပတ်တော်၏ သမ္မာတရား၌လျှောက်လှမ်းပါ**

### ၄။ယုံကြည်ခြင်းတည်းဟူသော လွှား

*"ယုံကြည်ခြင်းတည်းဟူသော လွှားကိုလည်း ယူဆောင်ကြလော့" ငယ်၁၆*

ယုံကြည်ခြင်းသည် ဒိုင်းလွှားဖြစ်၍ *"ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏ ။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော် အားဖြင့်ဖြစ်၏ " ရောမ၁၀း၁၇*

ကျွန်တော်တို့သည် "ထက်သော"ဓားကို လက်ခံရရှိသည်နှင့်အမျှ ထိုဓားသည်ဘုရားသခင် မိန့်တော်မူသမျှအားဖြင့်" ဖြစ်သည်။ မဿဲ ၄း၄
ကျွန်ုပ်တို့၌ သံသယများနှင့်ကြောက်ရွံ့မှုကို ဖြစ်ပေါ်စေသည့် မီးတောက်များကို ငြိမ်းသတ်နိုင်သည့် အပြုသဘောဆောင်သော တုံ့ပြန်မှုကို ပြုလုပ်နိုင်သည်။
"နှုတ်ဖြင့်ဝန်ခံ၍ . . . စိတ်နှလုံးထဲ၌ ယုံကြည်လျှင်" ရောမ ၁၀း၉
နှုတ်ကပတ်တော်၏ သမ္မာတရားကို ယုံကြည်ပါ။

**၅။ ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံး**
"ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံးကို ယူကြလော့" ငယ်၁၇
သံခမောက်လုံးသည် ခေါင်းကို အုပ်ထားရန်ဖြစ်ပြီး၊ ကျွန်တော်တို့၏ ဆုံးဖြတ်ချက်နှင့်ကျွန်တော်တို့၏ အလိုကို ဆုံးဖြတ်ပေးသောနေရာကို ကိုယ်စားပြုသည်။ ကျွန်တော်တို့သည် "ပုပ်ပျက်သောလူဟောင်းကို ချွတ်ပယ်၍၊ စိတ်နှလုံးသဘောကို ရပြီးလျှင် "ဧဖက် ၄း၂၂
ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်ပြည့်နှက်နေပြီး နှုတ်ကပတ်တော်၏ သမ္မာတရားကို ယုံကြည်ခြင်းဖြင့်၊ ယခု ကျွန်တော်တို့သည် ဘုရားသခင် ကြည်ညိုသောသူကဲ့သို့ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီဖြစ်သည်။
"ခပ်သိမ်းသောစိတ်တို့ကို ဘမ်းသွားချုပ်ထားလျက် ခရစ်တော်၏ စကားကို နားထောက်ကြစေကြ၏"
၂ကော ၁၀း၅
နှုတ်ကပတ်တော်၏ သမ္မာတရားဖြင့်ကာကွယ်ပါ

**၆။ ဝိညာဉ်တော်၏ဓား**
"ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်၏ ဓားကိုငင်း ယူကြလော့"ငယ် ၁၇
ဓားသည် ဘုရားသခင်၏ "နှုတ်တော်ထွက်စကား ဖြစ်သည်။ ထိုနှုတ်ကပတ်တော်သည် သင့်အထဲတွင် တည်ဆောက်ထားသော နှုတ်ကပတ်တော်ဖြစ်သည်။

ယေရှုသည် သဲကန္တာရ၌ မာရ်နတ်ကို အနိုင်ယူရန် "နှုတ်ထွက်စကား"ကို မိန့်ဆိုခဲ့သည် မဿဲ ၄း၁-၁၁
ဤသည်မှာ ခရစ်တော်၏ နှုတ်ကပတ်တော်ဖြစ်၍ ၎င်းသည် "သင်တို့အထဲ၌ ကြွယ်ဝစွာ တည်နေ၍" ကော၃း၁၆
၎င်းသည် "တရားတော်သည် သင်နှင့်နီး၏။ သင်၏ နှုတ်၌၎င်း၊ သင်၏နှလုံး၌၎င်းရှိသည်ဟု ဆို၏။ ထိုသို့ဆိုသော် ငါတို့ဟောသော ယုံကြည်ခြင်းတရားကို ဆိုလိုသတည်း" ရောမ ၁၀း၈

နှုတ်ကပတ်တော်၏ သမ္မာတရားကို ပြောဆိုပါ

**၇။ဆုတောင်းခြင်း ငယ်၁၈**
ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်းပဌနပြုခြင်း အမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။. . . ပေါလုက ကျွန်တော်တို့ကို "ဆုတောင်းပဌာနာပြုခြင်းအမှုကို အမြဲပြု၍ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့" ကော ၄း၂။
"မခြားမလပ် ဆုတောင်းပဌနာပြုကြလော့" ကော ၄း၂။ သက် ၅း၁၇ ဟု ပြောထားသည်။
ဆုတောင်းခြင်းသည်ရန်သူကို အောင်နိုင်ရန် သော့ချက်ဖြစ်သည်။
ပေတရုက ကျွန်ုပ်တို့ကို သတိပေးသည်မှာ "သမ္မာသတိရှိလျက် မအိပ်ပဲ စောင်နေကြလော့။သင်တို့၏ ရန်သူ တည်းဟူသော မာရ်နတ်သည် ခြင်္သေ့ကဲ့သို့ အဘယ်သူကို မြိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏" ၁ပေ၅း၈။ ကျွန်တော်တို့သည် သူ့ကို "တွန်းလှန်" ရမည်။ ကျွန်တော်တို့ကို အောင်ပွဲပေးသည့် နှုတ်ကပတ် တော်၏ သမ္မာတရားကို သိရှိနားလည်ပြီး ဆုတောင်းခြင်းဖြင့် ဤအရာကို လုပ်ဆောင်ပါသည်။ နှုတ်ကပတ်တော်၏ သမ္မာတရားဖြင့် ဆုတောင်းပါ။ ဧဖက် ၆း၁၈-၁၉

ကာလအဖန် စိတ်နှလုံးပါလျက် ဆုတောင်းပဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့" ထိုသို့ ဆုတောင်းခြင်း၌ာ အားမလျော့ဘဲလျက် ငါမှစ၍ သန့်ရှင်းသူအပေါင်းတို့အဘို့ တမန်တော်များ သို့မဟုတ် နှုတ်ကပတ်တော်ကို ဟောပြောသော သူအဘို့ ဆုတောင်းပါ။ "ထိုတရား၏ နက်နဲသောအရာကို ဖော်ပြခြင်းငှါ၊ ငါသည် နှုတ်ကို ရဲရင့်စွာဖွင့်လှစ်ခြင်း အခွင့်ရှိမည့် အကြောင်းကို၎င်း၊ ထိုတရားကို ဟောပြောအပ်သည်နှင့်အညီ၊ ရဲရင့်စွာ ဟောပြောမည့် အကြောင်းကို၎င်း၊ ငါ့အဘို့လည်း ဆုတောင်းကြလော့"။

နှုတ်ကပတ်တော်၏ သမ္မာတရားကို
ဟောပြောလော့ ကျွန်ုပ်တို့၏ ခွန်အားနှင့်
တန်ခိုးသည် ဘုရားသခင်ထံမှ လာသည်

"ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့်၎င်း၊ တန်ခိုးတော် အရှိန်အားဖြင့်၎င်း၊ ခိုင်ခံခြင်း အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူ၏" ဇာခရိ ၄း၆

ကျွန်ုပ်တို့၌ ရန်သူရှိသည်
"ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့ နှင့်၎င်းအာဏာစက်တို့နှင့်၎င်း၊ လောကီမှောက်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုးကောင်းကင်၌ နေသော နတ်ဆိုးတို့နှင့်၎င်း ဆိုင်ပြိုင်တိုက်လှန်ကြ၏" ဧဖက် ၆း၁၂။
ထို့ကြောင့် . . .
"ခဲယဉ်းဆိုးယုတ်သော နေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ ခံရပ်နိုင်မည့် အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြလော့"